# စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
# စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် (၆/ ၂၀၂၆) ၂၀၂၆ ခုနှစ်၊ မေလ(၈) ရက်

## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

➢ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၊ အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးရေးပို့ကုန် ၂.၈ ရာခိုင်နှုန်းမြင့် တက်ပြီး အမေရိကန်ဒေါ်လာ ၅၂.၅၅ ဘီလီယံ ရရှိခဲ့

➢ အီရန်စစ်ပွဲ နှင့် အယ်လ်နီညိုက ကမ္ဘာ့ဆန်ထောက်ပံ့မှုကို ခြိမ်းခြောက်လာ

- **အထွေထွေသတင်းများ**

➢ စင်ကာပူဈေးကွက်တွင် အစားအစာ၊ အဖျော်ယမကာများအတွက် ကြီးမားသော ပို့ကုန်အခွင့်အလမ်းများရှိကြောင်း အိန္ဒိယကုန်သွယ်မှုမြင့်တင်ရေးကောင်စီပြောကြား

➢ အိန္ဒိယနှင့် ယူကေတို့ ကုန်သွယ်မှုတိုးမြှင့်ရန် ဆွေးနွေး

| ၇- ၅- ၂၀၂၆ | |
|---|---|
| **ငွေကြေး အမျိုးအစား** | **ငွေလဲလှယ်နှုန်း (ကျပ်)** |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၄၇၀.၀၂ |
| စင်္ကာပူဒေါ်လာ | ၁,၆၅၈.၇၇ |
| စတာလင်ပေါင် | ၂,၈၅၉.၂၆ |
| ဂျပန်ယန်း (၁၀၀) | ၁,၃၄၄.၃၄ |
| တရုတ်ယွမ် | ၃၀၈.၇၀ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၁၅ |
| အိန္ဒိယရူပီး | ၂၂.၂၅ |
| ကိုရီးယားဝမ် (၁၀၀) | ၁၄၅.၀၂ |
| မလေးရှား ရင်းဂစ် | ၅၃၇.၂၂ |
| ဖိလစ်ပိုင်ပီဆို | ၃၄.၇၆ |
| ရုရှားရူဘယ် | ၂၈.၁၂ |
| ထိုင်းဘတ် | ၆၅.၃၃ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၇.၉၈ |

လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com

# ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၊ အိန္ဒိယနိုင်ငံတွင် စိုက်ပျိုးရေးပို့ကုန် ၂.၈ ရာခိုင်နှုန်း မြင့်တက်ပြီး အမေရိကန်ဒေါ်လာ ၅၂.၅၅ ဘီလီယံ ရရှိခဲ့

အိန္ဒိယနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ ကမ္ဘာလုံးဆိုင်ရာ မရေမရာမှုများရှိနေသော်လည်း အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ တင်ပို့မှုသည် ၂၀၂၄-၂၅ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၁.၁၂ ဘီလီယံမှ ၂၀၂၅-၂၆ ခုနှစ်တွင် ၂.၈ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၅၂.၅၅ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း ဖော်ပြထားပါသည်။

စိုက်ပျိုးရေးနှင့် ဆက်စပ်ထုတ်ကုန်များသည် လယ်ယာထုတ်ကုန်ကဏ္ဍကို ဆက်လက်ခိုင်မာစေခဲ့ပြီး ရေထွက်ပစ္စည်းနှင့် စိုက်ပျိုးတင်ပို့မှုများသည် ခိုင်မာသော အရှိန်အဟုန်ကို ပေးစွမ်းခဲ့ကာ ဝင်ငွေရရှိမှု တိုးတက်လာခြင်းနှင့် နိုင်ငံတကာဝယ်လိုအား တည်ငြိမ်လာခြင်းကို ထင်ဟပ်စေကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ပဲမျိုးစုံတင်ပို့မှုသည် ၂၁.၈၃ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၉၄၈.၁၁ သန်း ရှိခဲ့ပြီး ကမ္ဘာ့ပရိုတင်းလိုအပ်ချက်များကို ဖြည့်ဆည်းရာတွင် အိန္ဒိယ၏ အဓိကနေရာတွင် တည်ရှိမှုကို ညွှန်ပြနေသည်။ သစ်သီးဝလံတင်ပို့မှုသည်လည်း တည်ငြိမ်သောဝယ်လိုအားနှင့် ထောက်ပံ့ရေးကွင်းဆက်များ တိုးတက်လာခြင်းကြောင့် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ်တွင် ၁၂.၈၉ ရာခိုင်နှုန်း မြင့်တက်လာပြီး အမေရိကန်ဒေါ်လာ ၁.၃၂ ဘီလီယံ ရှိခဲ့ကြောင်းဖော်ပြထားပါသည်။

ထို့အပြင် ဟင်းသီးဟင်းရွက်ဆီတင်ပို့မှုသည် ၁၅.၈၈ ရာခိုင်နှုန်း တိုးချဲ့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၃၂.၁၅ သန်း ရရှိခဲ့ပါကြောင်း၊ ကောက်ပဲသီးနှံဖြင့် ထုတ်လုပ်သည့် တန်ဖိုးမြင့် အစားအစာများ တင်ပို့မှုတွင် အမေရိကန်ဒေါ်လာ ၁.၀၁ ဘီလီယံကျော် ရရှိခဲ့ကာ ၇.၈ ရာခိုင်နှုန်း တိုးတက်လာခဲ့ပြီး တန်ဖိုးမြင့်စိုက်ပျိုးရေးပို့ကုန်များ ထုတ်လုပ်တင်ပို့နိုင်မှုကို မီးမောင်းထိုးပြနေကြောင်း ဖော်ပြထားပါသည်။

သီဟိုဠ်စေ့တင်ပို့မှုသည် ၁၂.၂၀ ရာခိုင်နှုန်း တိုးတက်လာကာ အမေရိကန်ဒေါ်လာ ၃၇၉.၅၁ သန်း ရရှိခဲ့ပါကြောင်း၊ ကိုကိုးထုတ်ကုန်များမှာမူ အမေရိကန်ဒေါ်လာ ၃၁၇.၉၇ သန်းအထိ မြင့်တက်လာကာ ၇.၅၉ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဖော်ပြထားပါသည်။ အလားတူပင် အခြားဆီထွက်သီးနှံများသည်လည်း ၈၄.၃၉ ရာခိုင်နှုန်း တိုးတက်မှုရရှိခဲ့ကာ ဂျုံတင်ပို့မှုကဲ့သို့သော သေးငယ်သောထုတ်လုပ်မှုကဏ္ဍပင်လျှင် အမေရိကန်ဒေါ်လာ ၁၀.၃၁ သန်းအထိ မြင့်တက်လာပြီး ဈေးကွက်ပြန်လည် ရရှိလာကြောင်း ဖော်ပြထားပါသည်။

Agribusiness & Trade

အသင့်ပြုပြင်ထားသောအစားအစာကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၁.၇၁ ဘီလီယံ ရှိခြင်းသည် ပို့ကုန်ခံနိုင်ရည်ရှိမှုကို မြှင့်တင်ရာတွင် တန်ဖိုးမြှင့်တင်မှုနှင့် အစားအစာပြုပြင်ထုတ်လုပ်မှု၏ အခန်းကဏ္ဍကို ပေါ်လွင်စေကြောင်း ဖော်ပြထားပါသည်။

လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: Agriculture exports up 2.8 pc to USD 52.55 bn in 2025-26, The Economic Times, April 22, 2026.

## အီရန်စစ်ပွဲ နှင့် အယ်လ်နီညိုက ကမ္ဘာ့ဆန်ထောက်ပံ့မှုကို ခြိမ်းခြောက်လာ

အီရန်စစ်ပွဲကြောင့် လောင်စာဈေးနှုန်းမြင့်တက်မှုနှင့် ဓာတ်မြေဩဇာရှားပါးမှုတို့ကြောင့် အာရှနိုင်ငံများရှိ လယ်သမားများသည် စိုက်ပျိုးရေိယာကို လျှော့ချလာနေကြသဖြင့် ယခုနှစ်တွင် ဆန်ထုတ်လုပ်မှုလျော့နည်းမည်ဟု ခန့်မှန်းထားသည်။ ထို့အပြင် အယ်လ်နီညိုသည်လည်း ကမ္ဘာ့အများဆုံးစားသုံးသည့် အခြေခံစားနပ်ရိက္ခာဖြစ်သော ဆန်ထုတ်လုပ်မှုကို ထပ်မံဖိအားပေးမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဆန်သည် ကမ္ဘာ့အစားအစာဖူလုံရေးအတွက် အလွန်အရေးပါပြီး ထောက်ပံ့မှုအနည်းငယ်ပြတ်တောက်မှုဖြစ်လျှင်ပင် နိုင်ငံများအတွင်း သက်ရောက်မှုများပြားစေနိုင်ကာ ဈေးနှုန်းမြင့်တက်ခြင်းနှင့် အထူးသဖြင့် အာရှနှင့် အာဖရိကရှိ စားသုံးသူများအကြား မိသားစုအသုံးစရိတ်များကို ဖိအားဖြစ်စေနိုင်ပါသည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က ၂၀၂၅-၂၆ ခုနှစ်တွင် ဆန်ထုတ်လုပ်မှုကို ၂ ရာခိုင်နှုန်း တိုးတက်ပြီး စံချိန်တင်အမြင့်သို့ ရောက်ရှိမည်ဟု ဧပြီလတွင် ခန့်မှန်းခဲ့ပါသည်။

အီရန်စစ်ပွဲ၏ သက်ရောက်မှုများသည် ထိပ်တန်းတင်ပို့နိုင်ငံများဖြစ်သည့် ထိုင်းနှင့် ဗီယက်နမ်တို့ရှိ လယ်သမားများအပြင် တင်သွင်းမှုအပေါ် မှီခိုနေသော ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့ကိုလည်း ထိခိုက်စေကြောင်း စိုက်ပျိုးသူများနှင့် ကုန်သည်လုပ်ငန်းရှင်များက ပြောကြားထားပါသည်။ ယင်းစစ်ပွဲကြောင့် ကမ္ဘာ့ဈေးကွက်များသို့ ဆက်သွယ်ပေးသော အရေးပါသည့် ဟော်မုဇ်ရေလက်ကြားဖြတ်လမ်းမှ လောင်စာနှင့် ဓာတ်မြေဩဇာထောက်ပံ့မှုများ လျော့နည်းလာခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Agribusiness & Trade

အရှေ့တောင်အာရှတွင် အများစုသည် အသေးစားလုပ်ကိုင်သည့် လယ်သမားများဖြစ်ပြီး ယခုနှစ် ဒုတိယနှစ်ဝက်တွင် အယ်လ်နီညိုဖြစ်စဉ်ကြောင့် ပိုမိုပူပြင်း၍ မိုးနည်းသည့် အခြေအနေများ ဖြစ်ပေါ်လာမည်ဖြစ်သဖြင့် စိုက်ပျိုးရေးအတွက် ဖိအားများစွာရှိကြောင်း ဖော်ပြထားပါသည်။

"နိုင်ငံအချို့တွင် လယ်သမားများသည် ဆန်စိုက်ပျိုးမှုကို စတင်စိုက်ပျိုးလျက်ရှိပြီး ကုန်ကျစရိတ်မြင့်တက်နေခြင်းကြောင့် ထည့်သွင်းအသုံးပြုရသည့် အရင်းအမြစ်များကို လျှော့ချနေကြကြောင်း" FAO ၏ စီးပွားရေးအကြီးအကဲ Maximo Torero က ပြောကြားထားပါသည်။ "ယခုနှစ် ဒုတိယနှစ်ဝက်နှင့် နောက်နှစ်အစပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့မှုပိုမိုကြပ်တည်းလာမည်ကို တွေ့ရမည်ဖြစ်ကြောင်း" ယင်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

၂၀၀၈ ခုနှစ်တွင် ဆန်အဓိကတင်ပို့သည့် နိုင်ငံများက ပို့ကုန်ကန့်သတ်မှုများ ပြုလုပ်ခဲ့သဖြင့် ဆန်ဈေးနှုန်းသည် တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ ခန့်အထိ နှစ်ဆကျော် တက်သွားခဲ့ပြီး နိုင်ငံအချို့တွင် မတည်ငြိမ်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မကြာသေးမီကလည်း ၂၀၂၂ -၂၀၂၃ အတွင်း ထောက်ပံ့မှုဆိုင်ရာ တင်းကြပ်မှုများနှင့် အိန္ဒိယ၏ ပို့ကုန်ကန့်သတ်မှုများကြောင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး စိုးရိမ်လွန်ပြီး အလုအယက်ဝယ်ယူမှုများ (Panic Buying) ဖြစ်ပေါ်စေခဲ့ကြောင်း ဖော်ပြထားပါသည်။

**ထောက်ပံ့ရေးကွင်းဆက်ရှိ အခက်အခဲများ**

လက်ရှိတွင် ဆန်တင်ပို့မှုများသည် ထောက်ပံ့ရေးကွင်းဆက် (Supply-Chain) ပိတ်ဆို့မှုများကို ရင်ဆိုင်နေရကြောင်း ဖော်ပြထားပါသည်။

"ထောက်ပံ့ပို့ဆောင်ရေးသည် အလွန်ခက်ခဲလျက်ရှိပြီး အထူးသဖြင့် အာရှဒေသတွင် Polypropylene အိတ်များရှားပါးမှု၊ ဆန်ကို ဆိပ်ကမ်းများသို့ သယ်ဆောင်ရန် လိုအပ်သော ကုန်တင်ယာဉ်များ မလုံလောက်ခြင်း၊ ထို့အပြင် သင်္ဘောတင်ပို့မှုများပါ အနှောင့်အယှက် ဖြစ်နေပါကြောင်း" ကမ္ဘာ့ ဆန်ကုန်သွယ်ရေးကုမ္ပဏီကြီးတစ်ခုတွင် အလုပ်လုပ်နေသော စင်ကာပူအခြေစိုက် ကုန်သည်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့ပါသည်။

ဓာတ်မြေသြဇာရှားပါးမှုနှင့် မိုးရေမလုံလောက်မှုများကြောင့် အရှေ့တောင်အာရှတွင် ယခုလက်ရှိ ရိတ်သိမ်းနေသော သီးနှံထုတ်လုပ်မှု လျော့နည်းနေပြီး နောက်တစ်ကြိမ် စိုက်ပျိုးမည့် သီးနှံများတွင် ပိုမိုကြီးမားသော လျော့နည်းမှုများ ဖြစ်နိုင်ကြောင်း ခန့်မှန်းထားပါသည်။

အိန္ဒိယ၊ ထိုင်းနှင့် ဖိလစ်ပိုင်တို့သည် ဇွန်လနှင့် ဇူလိုင်လများတွင် အဓိက ဆန်ကို စိုက်ပျိုးကြောင်း၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့မှာ ယခုအချိန်တွင် ဒုတိယရာသီသီးနှံများကို စိုက်ပျိုး

Agribusiness & Trade

ကြောင်းနှင့် အာရှနိုင်ငံအများစုသည် တစ်နှစ်လျှင် ဆန်သီးနှံ ၂ ကြိမ်မှ ၃ ကြိမ်အထိ စိုက်ပျိုးထုတ်လုပ်ကြောင်း ဖော်ပြထားပါသည်။

**လယ်သမားများ စိုက်ပျိုးမှု လျှော့ချလာ**

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မြောက်ဘက် ၁၅၁ ကီလိုမီတာ (၉၄ မိုင်) ခန့် အကွာရှိ ချိုင်နတ်ပြည်နယ်မှ လယ်သမားဖြစ်သူ Sripai Kaew-Eam က ဓာတ်မြေသြဇာနှင့် လောင်စာဈေးနှုန်းမြင့်တက်မှုကြောင့် ထုတ်လုပ်မှုကုန်ကျစရိတ်သည် တစ်ရိုင် (၀.၄ ဧက) လျှင် ဘတ် ၆,၀၀၀ (ဒေါ်လာ ၁၈၃.၉၉ ခန့်) အထိ တက်လာကြောင်း ပြောကြားခဲ့ပါသည်။ ယခင်စိုက်ပျိုးမှုတွင် ဘတ် ၄,၅၀၀ မှ ၅,၀၀၀ ခန့်သာ ကုန်ကျခဲ့သော်လည်း ယခုအခါ ကုန်ကျစရိတ်များ မြင့်တက်လာပြီး လက်ရှိစပါးဈေးနှုန်းမှာ တစ်တန်လျှင် ဘတ် ၆,၂၀၀ ခန့်သာ ရရှိနေကြောင်း ပြောကြားထားပါသည်။

“ဓာတ်မြေသြဇာဈေးနှုန်းများသည် အိတ်တစ်အိတ်လျှင် ဘတ် ၈၅၀ မှ ယခုအခါ ဘတ် ၁,၀၀၀ မှ ၁,၂၀၀ အထိ မြင့်တက်လာပြီး အသုံးပြုမှုကို တစ်ဝက်အထိ လျှော့ချခဲ့ရပါကြောင်း၊ ဓာတ်မြေသြဇာဈေးလည်းမြင့်၊ လောင်စာဈေးလည်း မြင့်နေပါကြောင်း” ၎င်းက ပြောကြားခဲ့ပါသည်။

ကမ္ဘာပေါ်တွင် ဆန်အများဆုံး တင်သွင်းသည့် နိုင်ငံဖြစ်သော ဖိလစ်ပိုင်တွင်လည်း အလားတူ အခြေအနေကို ရင်ဆိုင်နေရကြောင်း ဖော်ပြထားပါသည်။

"လယ်သမားအချို့သည် စိုက်ပျိုးမှု မပြုလုပ်တော့ကြောင်း သို့မဟုတ် ဓာတ်မြေသြဇာ အသုံးပြုမှု လျှော့ချမည်ဖြစ်ကြောင်း ပြောဆိုနေကြပြီး အဆိုပါကိစ္စရပ်သည် ထုတ်လုပ်မှုကို မလွဲမသွေ လျော့နည်း စေမည်ဖြစ်ကြောင်း" Integrated Rural Development Foundation ၏ အမှုဆောင်ဒါရိုက်တာ Arze Glipo က ပြောကြားခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံ၏ ဆန်ထုတ်လုပ်မှုသည် ပုံမှန် တန်ချိန် ၁၉ သန်း မှ ၂၀ သန်း ထုတ်လုပ်မှုမှ တန်ချိန် ၆ သန်းအထိ လျော့နည်းနိုင်ကြောင်း ခန့်မှန်းထားပါသည်။

"အဆိုပါအခြေအနေသည် ဖိလစ်ပိုင်အတွက် အန္တရာယ်ရှိသည့် အခြေအနေတစ်ခု ဖြစ်လာနိုင်ပါကြောင်း၊ တင်သွင်းမှုများကလည်း ပို့ကုန်ကန့်သတ်မှုများကြောင့် မသေချာတော့သည့်အတွက် ထုတ်လုပ်မှုလျော့နည်းခြင်းကို ဖြည့်ဆည်းရန် အလွန်ခက်ခဲလာမည်ဖြစ်ကြောင်း" Glipo က ထပ်လောင်း ပြောကြားခဲ့ပါသည်။

အင်ဒိုနီးရှားတွင် ဓာတ်မြေသြဇာထောက်ပံ့မှုသည် အဓိက ပြဿနာမဟုတ်သော်လည်း အယ်လ်နီညိုကြောင့် ထုတ်လုပ်မှုလျော့နည်းနိုင်သည်ဟု ခန့်မှန်းထားသည်။

Agribusiness & Trade

အင်ဒိုနီးရှားနိုင်ငံသည် မတ်လမှ မေလအတွင်း ဆန်ရိုတ်သိမ်းဧရိယာသည် ၁၀.၆% လျော့နည်းကာ ဟက်တာ ၃.၈၅ သန်း (ဧက ၉.၅ သန်းခန့်) သို့ လျော့ကျမည်ဖြစ်ပြီး စပါးထုတ်လုပ်မှုသည်လည်း ၁၁.၁၂% လျော့နည်းကာ တန်ချိန် ၂၀.၆၈ သန်းသို့ ကျဆင်းမည်ဖြစ်ကြောင်း အင်ဒိုနီးရှား စာရင်းအင်းဌာနမှ ခန့်မှန်းထားပါသည်။

ထောက်ပံ့မှုအပေါ် စိုးရိမ်မှုများရှိနေသော်လည်း ကမ္ဘာလုံးဆိုင်ရာအနေဖြင့် ယခင်နှစ်များတွင် ထုတ်လုပ်မှုကောင်းမွန်ခဲ့သဖြင့် ဆန်လက်ကျန်များ လုံလောက်စွာ ရှိနေကြောင်း၊ ကမ္ဘာ့ဆန် တင်ပို့မှုအများဆုံးနိုင်ငံဖြစ်သော အိန္ဒိယတွင်လည်း စံချိန်တင် တန်ချိန် ၄၂ သန်းခန့်ရှိပြီး၊ အမေရိကန်စိုက်ပျိုးရေးဌာန၏ အချက်အလက်များအရ ယင်းသည် ကမ္ဘာလုံးဆိုင်ရာ လက်ကျန်၏ ၅ ပုံ ၁ ပုံ ခန့်ဖြစ်ကြောင်း၊ ကမ္ဘာ့ထုတ်လုပ်မှုလျော့နည်းမှုကို တစ်စိတ်တစ်ပိုင်း ကာကွယ်ပေးနိုင်ကြောင်း ဖော်ပြထားပါသည်။

“လက်ရှိတွင် ဆန်ဈေးနှုန်းများသည် တည်ငြိမ်နေသော်လည်း ဟော်မုဇ်ရေလက်ကြားအခြေအနေကို ချက်ချင်းပြန်လည်ဖြေရှင်းနိုင်ပါက ဈေးနှုန်းများ တက်လာနိုင်ကြောင်း” FAO ၏ စီးပွားရေးအကြီးအကဲ Maximo Torero က ပြောကြားထားပါသည်။

ယင်းရေလက်ကြားကို မကြာမီ ပြန်လည်ဖွင့်နိုင်ပါက ထောက်ပံ့မှုပြဿနာကို ရှောင်ရှားနိုင်မည်ဖြစ်သော်လည်း "နောက် ၂ ပတ်၊ ၃ ပတ်အတွင်း မဖွင့်နိုင်ပါက အခြေအနေသည် အလွန်ဆိုးရွားလာနိုင်ကြောင်း" ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: World rice supply threatened by Iran war, El Nino, The Economic Times, May 1, 2026.

## စင်ကာပူဈေးကွက်တွင် အစားအစာ၊ အဖျော်ယမကာများအတွက် ကြီးမားသော ပို့ကုန်အခွင့်အလမ်းများရှိကြောင်း အိန္ဒိယကုန်သွယ်မှုမြှင့်တင်ရေးကောင်စီပြောကြား

စင်ကာပူနိုင်ငံသည် ၎င်းတို့၏ လိုအပ်ချက် ၉၀ ရာခိုင်နှုန်းကို တင်သွင်းပြီး ပြည်တွင်းအစားအစာနှင့် အဖျော်ယမကာကဏ္ဍအတွက် ပို့ကုန်အခွင့်အလမ်းများစွာရှိကြောင်း လက်ရှိတွင် အိန္ဒိယ၏ ဝေစုမှာ နည်းပါးနေသေးလျက်ရှိကြောင်း အိန္ဒိယကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (Trade Promotion Council of India – TPCI) က ပြောကြားထားပါသည်။

Agribusiness & Trade

စင်ကာပူသည် အာရှ၏ မဟာဗျူဟာကျသော အစားအစာတင်သွင်းမှု ဗဟိုချက်တစ်ခုဖြစ်သည့်အပြင် ပိုမိုကျယ်ပြန့်သော အာဆီယံနှင့် အာရှ-ပစိဖိတ်ဒေသသို့ ဝင်ပေါက်တစ်ခုဖြစ်ပါကြောင်း၊ အိန္ဒိယသည် စင်ကာပူနှင့် နှစ်နိုင်ငံလွတ်လပ်သောကုန်သွယ်မှုသဘောတူစာချုပ် ချုပ်ဆိုထားရှိသော်လည်း ဈေးကွက်ဝင်ရောက်နိုင်မှု နည်းပါးနေဆဲဖြစ်ကြောင်း TPCI က ပြောကြားထားပါသည်။

အိန္ဒိယသည် စင်ကာပူ၏ စုစုပေါင်းအစားအသောက်နှင့် အဖျော်ယမကာတင်သွင်းမှု ၂.၆ ရာခိုင်နှုန်းသာရှိပြီး အစားအစာများ၊ အဖျော်ယမကာများ၊ ပင်လယ်စာများ၊ အသင့်စားထုတ်ကုန်များ၊ အခြားစားသောက်ကုန်များတိုးချဲ့ရန် လိုအပ်ကြောင်း ပြောကြားထားပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၁ ရက်နေ့က စတင်ခဲ့သည့် စင်ကာပူနိုင်ငံတွင် ကျင်းပလျက်ရှိသည့် အစားအသောက်ဆိုင်ရာ ကုန်စည်ပြပွဲတွင် အိန္ဒိယနိုင်ငံမှ ကုမ္ပဏီ ၁၀၀ ကျော်သည် ဆန်၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ကော်ဖီ၊ လက်ဖက်ရည်နှင့် ရေထွက်ပစ္စည်းများ အပါအဝင် ထုတ်ကုန်အမျိုးမျိုးကို ပြသလျက်ရှိကြောင်း TPCI က ထပ်လောင်းပြောကြားခဲ့ပါသည်။

အိန္ဒိယကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ (TPCI) ဥက္ကဋ္ဌ Mohit Singla က စင်ကာပူနိုင်ငံသည် လူဦးရေ ခြောက်သန်းခန့်ရှိသော်လည်း အမေရိကန်ဒေါ်လာ ၁၆.၂ ဘီလီယံတန်ဖိုးရှိ အစားအစာနှင့် အဖျော်ယမကာများကို တင်သွင်းပြီး ၎င်းလိုအပ်ချက်၏ ၉၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း ပြောကြားခဲ့သည်။

"ကမ္ဘာလုံးဆိုင်ရာ အစားအစာဖြန့်ဖြူးသူများ၊ လက်လီဝယ်ယူရေးအဖွဲ့များ၊ HoReCa (ဟိုတယ်၊ စားသောက်ဆိုင်နှင့် ကော်ဖီဆိုင်) ဝယ်ယူသူများနှင့် အာဆီယံရင်းမြစ်ရုံးများသည် အရှေ့တောင်အာရှအတွက် ဖြန့်ဖြူးရေးနှင့် ဆုံးဖြတ်ချက်ချမှတ်ရေးဗဟိုချက်အဖြစ် အသုံးပြုလျက်ရှိသည်။ စင်ကာပူတွင် အောင်မြင်မှုသည် အိမ်နီးချင်း အာဆီယံဈေးကွက်များသို့ လမ်းကြောင်းများ ဖွင့်လှစ်ပေးလေ့ရှိသည်" ဟု ၎င်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

အာရှဒေသ၏ အစားအသောက်နှင့် အဖျော်ယမကာဈေးကွက်သည် ၂၀၃၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၃ ထရီလီယံကျော်ရန် ခန့်မှန်းထားပြီး ခရီးသွားဝန်ဆောင်မှုဆိုင်ရာကဏ္ဍသည် ၂၀၂၉ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၈၁.၂ ဘီလီယံအထိ ရောက်ရှိရန် မျှော်လင့်ထားသောကြောင့် ယခု အစားအသောက်ဆိုင်ရာကုန်စည်ပြပွဲသည် မူဝါဒရေးရာ ဆုံးဖြတ်ချက်ချသူများနှင့်ချိတ်ဆက်ရန်၊ တိုးပွားလာသော ဝယ်လိုအားကို အသုံးချရန် ပြိုင်ဘက်ကင်းသော ပလက်ဖောင်းတစ်ခု ဖြစ်ကြောင်း TPCI ဥက္ကဋ္ဌ က ပြောကြားခဲ့ပါသည်။

လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

AgriBusiness & Trade

Source: Huge export opportunities for food, beverages in Singapore mkt: TPCI, The Economic Times, April 22, 2026.

## အိန္ဒိယနှင့် ယူကေတို့ ကုန်သွယ်မှုတိုးမြှင့်ရန် ဆွေးနွေး

အိန္ဒိယနှင့် ယူကေတို့သည် နှစ်နိုင်ငံအကြား ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လတွင် လက်မှတ်ရေးထိုးခဲ့သော ဘက်စုံစီးပွားရေးနှင့် ကုန်သွယ်ရေးသဘောတူညီချက် (Comprehensive Economic and Trade Agreement-CETA) အောက်ရှိ အခွင့်အလမ်းများကို အပြည့်အဝအသုံးချနိုင်ရေးနည်းလမ်းများကို အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Piyush Goyal နှင့် ယူကေ စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ အတွင်းရေးမှူး Peter Kyle တို့အကြား အွန်လိုင်းအစည်းအဝေးတစ်ရပ် ပြုလုပ်ခဲ့ကြောင်း ဖော်ပြထားပါသည်။

အိန္ဒိယမှ ပို့ကုန်များ၏ ၉၉ ရာခိုင်နှုန်းသည် ယူကေဈေးကွက်သို့ အခွန်မဲ့ (Zero Duty) ဖြင့် ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ယူကေ၏ ကားများနှင့် ဝီစကီ စသည့် ထုတ်ကုန်များအပေါ် အခွန်နှုန်းများကို အိန္ဒိယဘက်မှ လျှော့ချပေးမည်ဖြစ်ကြောင်း စသည့်ဖြင့် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် အိန္ဒိယနှင့် ယူကေတို့အကြား CETA သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။

"အိန္ဒိယ-ယူကေ CETA အောက်ရှိ အခွင့်အလမ်းများကို အပြည့်အဝအသုံးချပြီး ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဆက်ဆံရေးများကို ထပ်မံတိုးတက်အောင် လုပ်ဆောင်နိုင်ရေး နည်းလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း" အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီး Goyal က Social Media တွင် ဖော်ပြခဲ့ပါသည်။

အဆိုပါသဘောတူညီချက်မှ အလုပ်အင်အား အများအပြား အသုံးပြုရသော လုပ်ငန်းကဏ္ဍများဖြစ်သည့် အထည်ချုပ်လုပ်ငန်း၊ သားရေလုပ်ငန်း၊ ပင်လယ်ထွက်ပစ္စည်းများ၊ ကျောက်မျက်ရတနာလုပ်ငန်း၊ အင်ဂျင်နီယာနှင့်သက်ဆိုင်သည့် ထုတ်ကုန်များ၊ ဓာတုပစ္စည်းများနှင့် မော်တော်ယာဉ်အစိတ်အပိုင်းများ စသည့်လုပ်ငန်းကဏ္ဍများတွင်လည်း အကျိုးကျေးဇူးများ ရရှိမည်ဟု ခန့်မှန်းထားပါကြောင်း ယင်းက ထပ်လောင်းပြောကြားခဲ့ပါသည်။

လွင်ကိုကိုမောင်၊ စီးပွားရေးသံမှူး

နယူးဒေလီမြို့

Source: India discusses boosting trade with UK, The Economic Times, May 1, 2026.

Agribusiness & Trade